# မြန်မာ - ဆိုင်ကလုန်းမိုခါ

အရေးပေါ်သတင်းအချက်အလက် #၉

*၁၄:၀၀၊ ၂၁ မေ ၂၀၂၃*

## အဓိကအချက်အလက်များ



*မကွေးတိုင်းဒေသကြီး စလင်းမြို့တို့တွင် ရေနစ်မြုပ်နေသည့် အိမ်များ။ ဓာတ်ပုံ- OCHA*

- ဆိုင်ကလုန်းမိုခါ တိုက်ခတ်ပြီးနောက် တစ်ပတ်အကြာတွင် ဘေးဒဏ်သင့် ဒေသများ၌ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အကူအညီများ တိုးချဲ့ပေးအပ်လာကြသည်နှင့်အမျှ ပျက်စီးဆုံးရှုံးမှု၏ အတိမ်အနက်ကို ပိုမိုရှင်းလင်းစွာ သိမြင်လာရသည်။
- စစ်တွေနှင့် ရသေ့တောင်မြို့နယ်တို့သည် ရခိုင်ပြည်နယ်တွင် အဆိုးရွားဆုံးထိခိုက်ခဲ့သော ဒေသများဖြစ်သည်။ မှီခိုရာနေရာများ ပျက်စီးမှုသည် ရပ်ရွာအသိုင်းအဝိုင်းအားလုံးတွင် သိသာထင်ရှားစွာ တွေ့ရှိရသည်။
- အများသုံး အခြေခံအဆောက်အအုံများ ပျက်စီးခြင်းအပြင် ရေရရှိစေသည့်စနစ်များ ပြတ်တောက်မှုများကြောင့် ရခိုင်ပြည်နယ်အတွင်း သန့်ရှင်းသော သောက်သုံးရေရရှိနိုင်ရေးအပေါ် အခက်အခဲများ ဆက်လက်ဖြစ်ပေါ်စေပြီး အထူးသဖြင့် ဘေးဒဏ်သင့်လူထုအတွင်း ရေမှတစ်ဆင့်ကူးစက်သည့်ရောဂါများ ဖြစ်ပွားနိုင်ခြေ တိုးမြင့်လာစေသည်။
- ရသေ့တောင်မြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာနများ၊ ဆေးရုံများနှင့် အစိုးရကျောင်းများအားလုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း မိတ်ဖက်အဖွဲ့အစည်းများထံမှ သိရသည်။
- ရသေ့တောင်နှင့် မောင်တောမြို့နယ်များရှိ အငူမော်-မောင်တောလမ်းတစ်လျှောက်ရှိ ကမ်းရိုးတန်းကျေးရွာများတွင် မွေးမြူထားသည့်တိရစ္ဆာန်များဆုံးရှုံးခြင်းအပါအဝင် ဆိုးရွားစွာပျက်စီးမှုများရှိခဲ့သည်။ ကျေးရွာငါးရွာရှိ စာသင်ကျောင်းများ အပါအဝင် မောင်တောမြို့နယ်တောင်ပိုင်းတွင်လည်း ပျက်စီးမှုများ ကြုံတွေ့ခဲ့ရသည်။
- နေပြည်တော်တွင် ဆွေးနွေးခဲ့သည့်အချက်များအပေါ် အခြေခံ၍ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ ဘေးဒဏ်သင့် အသိုင်းအဝိုင်းအားလုံးအတွက် ပေးအပ်ရန် အသင့်ရှိသော ပံ့ပိုးကူညီမှုများအား အသေးစိတ်ဖော်ပြထားသည့် နှစ်ပတ်ကြာ ဖြန့်ဖြူးရေး အစီအစဉ်ကို အတည်ပြုချက်ရယူရန်အတွက် လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများက မကြာမီ မျှဝေပေးသွားမည်ဖြစ်သည်။
- ဤကာလအတွင်း ဝင်ရောက်လုပ်ကိုင်ခွင့် ရရှိပြီးသား မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် စားနပ်ရိက္ခာနှင့် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဖြူးရေးကို ဦးစားပေးလုပ်ဆောင်နေပါသည်။ နိုင်ငံအတွင်းနှင့် ပြင်ပတွင် လှုပ်ရှားသွားလာမှုအတွက် လိုအပ်သောခွင့်ပြုချက်များကို စောင့်ဆိုင်းနေရစဉ်အတွင်း သိုလှောင်ထားသည့် ထောက်ပံ့ရေးပစ္စည်းများ ပြတ်လပ်မှုကိုဖြေရှင်းရန် ထပ်ဆောင်း ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။
- လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ရေမှတစ်ဆင့် ကူးစက်ဖြစ်ပွားသောရောဂါနှင့် မြေမြှုပ်မိုင်းအန္တရာယ်များအကြောင်း အသိအမြင် တိုးတက်လာစေရန် နှင့် ဘေးကင်းရေး သတိပေးချက်များကို ပိုမိုသိရှိလာကြစေရန် ဒေသန္တရဘာသာစကားများဖြင့် သတင်းစကားများကို ဖြန့်ဝေလျက်ရှိသည်။
- ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်တွင် မိဘအုပ်ထိန်းသူနှင့် ကွဲကွာလာသော ကလေးအရေအတွက် တိုးလာကာ ကလေးသူငယ်ကာကွယ်ရေးနှင့် သင့်လျော်သော ပံ့ပိုးကူညီမှုများ အရေးပေါ် လိုအပ်နေကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

The mission of the United Nations Office for the Coordination of Humanitarian Affairs (OCHA) is to
Coordinate the global emergency response to save lives and protect people in humanitarian crises.
We advocate for effective and principled humanitarian action by all, for all.
**www.unocha.org**

# အခြေအနေ သုံးသပ်ချက်

စစ်တွေမြို့တွင် ပြီးခဲ့သော သီတင်းပတ်အတွင်း ရှင်းလင်းရေးလုပ်ငန်းများ အပြင်းအထန် ဆောင်ရွက်နေကြစဥ်တွင် လူသားချင်း စာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၏ စဥ်ဆက်မပြတ် ကွင်းဆင်းလေ့လာမှုများက မုန်တိုင်းဒဏ်သင့် ဒေသများမှ ပြည်သူများ ရင်ဆိုင်နေရသော အကျပ်အတည်း၏ အတိုင်းအတာကို ပိုမိုပေါ်လွင်လာစေလျက် ရှိသည်။ ပြည်သူအများအပြားသည် လုံခြုံသောမိုးခိုရာနေရာ မရှိဘဲ ကျန်ရစ်ခဲ့ကြပြီး ၎င်းတို့ပိုင်ပစ္စည်းအားလုံးကို ဆုံးရှုံးခဲ့ကြရပါသည်။ ကပ်ရောဂါ၊ ဖြစ်ပွားနေသော ပဋိပက္ခနှင့် စီးပွားရေးမတည်ငြိမ်မှုများကြောင့် လွန်ခဲ့သည့်သုံးနှစ်အတွင်း ၎င်းတို့ကြုံတွေ့နေခဲ့ရသည့် ဆိုးရွားပြီးသား ဘဝအခြေအနေများကို ပိုမိုထိခိုက်လာစေလျက်ရှိသည်။

ဘေးဒဏ်သင့်ပြည်သူများထံ သွားရောက်ကူညီခွင့်ရသည့် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် စားနပ်ရိက္ခာအကူအညီများ ဖြန့်ဝေခြင်းအပါအဝင် အရေးကြီးသော ကယ်ဆယ်ရေးပစ္စည်းများကို အတတ်နိုင်ဆုံး ပံ့ပိုးပေးနေပြီဖြစ်သည်။ သိုလှောင်ထားသည့် ကုန်ပစ္စည်းများ ပြတ်လပ်မှုကိုဖြေရှင်းရန်နှင့် တုံ့ပြန်မှုအားကောင်းစေရန်အတွက် ရန်ကုန်မှ စစ်တွေမြို့သို့ လူသားချင်းစာနာမှုဆိုင်ရာ ထပ်ဆောင်းထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် လိုအပ်သော ခွင့်ပြုချက်များကို စောင့်ဆိုင်းနေရစဥ်အတွင်း ပြည်တွင်းပြည်ပမှ မုန်တိုင်းဘေးသင့်ဒေသများသို့ ထောက်ပံ့ရေးပစ္စည်းများ ရွှေ့ပြောင်းရာတွင် လွယ်ကူချောမွေ့စေမည့် နည်းလမ်းမျိုးစုံကို ရှာဖွေလျက်ရှိကြသည်။

ဆက်သွယ်ရေးဆိုင်ရာ ပြဿနာများ ဆက်လက်ဖြစ်ပေါ်နေပြီး ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ရယူအသုံးပြုနိုင်ရေးကို ဆိုင်ကလုန်းကြောင့် ထိခိုက်မှုနှင့် ဗျူရိုကရေစီအတားအဆီးများက အဟန့်အတားပြုလျက်ရှိသည်။ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ရေလွှမ်းမိုးခံရသောဒေသများတွင် ရေကြောင့်ကူးစက်ဖြစ်ပွားသော ရောဂါများနှင့် မြေမြှုပ်မိုင်းရွေ့လျားမှုတို့၏ အန္တရာယ်ကို အဓိကထား၍ ဒေသန္တရဘာသာစကားများဖြင့် ဘေးကင်းရေးသတင်းစကားများကို ဖြန့်ဝေပေးလျက်ရှိသည်။ အထူးသဖြင့် မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ရေလွှမ်းမိုးခံရသောဒေသများတွင် အဆိပ်ပြင်းမြွေများ တိုးပွားလာနေပါသည်။

## ရခိုင်

ရခိုင်ပြည်နယ်တစ်ဝန်းရှိ မြို့နယ်အသီးသီးတွင် ကွင်းဆင်းလေ့လာချက်များက ဆိုင်ကလုန်းမိုခါ၏ အဖျက်စွမ်းအား နှင့် ဘေးဒဏ်သင့်ပြည်သူများ ရင်ဆိုင်နေရသည့် အခြေအနေများကို ပိုမိုပေါ်လွင်ထင်ရှားလာစေသည်။

- လေ့လာတွေ့ရှိချက်များအရ ဆိုင်ကလုန်းမုန်တိုင်းသည် စစ်တွေနှင့် ရသေ့တောင်မြို့တို့ကို အပြင်းထန်ဆုံး ရိုက်ခတ်ခဲ့ပြီး ဘူးသီးတောင်၊ ကျောက်တော်၊ မောင်တော၊ မင်းပြား၊ မြောက်ဦး၊ ပေါက်တောနှင့် ပုဏ္ဏားကျွန်းမြို့နယ် ခုနစ်မြို့နယ်ကိုလည်း ပြင်းထန်စွာ ထိခိုက်ခဲ့သည်။ ထို့အပြင် ကျောက်ဖြူ၊ ရမ်းဗြဲ၊ မြန်အောင်၊ မြေပုံနှင့် အမ်းမြို့နယ်များတွင် ပြင်းအားလျော့ ထိခိုက်မှုများ ကြုံတွေ့ခဲ့ကြရသည်။



*ရခိုင်ပြည်နယ် ရသေ့တောင်မြို့တွင် ဘက်စုံသုံးရန် ရေသယ်လာသည့် ရွာသူရွာသားများ။ ဓာတ်ပုံ- OCHA*

- မိတ်ဖက်အဖွဲ့အစည်းများထံမှ ပဏာမအချက်အလက်များအရဆိုင်ကလုန်းမုန်တိုင်းအပြီး ရခိုင်တွင် မိဘအုပ်ထိန်းသူနှင့် ကွဲကွာလာသော ကလေးအရေအတွက် တိုးလာကြောင်း အစီရင်ခံစာများ တင်ပြထားကြပါသည်။
- ရသေ့တောင်နှင့် မောင်တောမြို့နယ်များရှိ အငူမော်-မောင်တောလမ်းတစ်လျှောက်ရှိ ကမ်းရိုးတန်းကျေးရွာများတွင် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဆိုးရွားသည့် ပျက်စီးမှုများရှိပြီး မွေးမြူထားသည့် တိရစ္ဆာန်အများအပြား သေဆုံးခဲ့ကြောင်း ကွင်းဆင်းအဖွဲ့များက တင်ပြထားသည်။
- ရသေ့တောင်မြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာနများ၊ ဆေးရုံများနှင့် စာသင်ကျောင်းများအားလုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း မိတ်ဖက်အဖွဲ့အစည်းများထံမှ သိရသည်။
- မောင်တောတောင်ပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်းဒဏ် ပြင်းထန်စွာ ခံရကြောင်း ဒေသခံများက တင်ပြကြသည်။ ကွင်းဆင်းလေ့လာချက်များအရ ကျေးရွာငါးရွာရှိ စာသင်ကျောင်းများ သိသာစွာ ထိခိုက်ခဲ့ပြီး ခေါင်မိုးများ၊ ရေတွင်းများ၊ ပရိဘောဂများနှင့် ရေအရင်းအမြစ်များ ပျက်စီးဆုံးရှုံးခဲ့ကြောင်း တွေ့ရသည်။
- မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ IDP စခန်းများနှင့် ရခိုင် နေရပ်စွန့်ခွာရွှေ့ပြောင်းသူတို့၏ စခန်းများရှိ မှီခိုရာနေရာများနှင့် ရေအရင်းအမြစ်များ ပျက်စီးမှုကို အစီရင်ခံတင်ပြထားသည်။ စစ်တွေနှင့် ပေါက်တောမြို့နယ်များရှိ IDP စခန်းအချို့တွင် ထိခိုက်မှုများစွာ ကြုံတွေ့ခဲ့ရပြီး IDP များအနေဖြင့် အမိုးအကာ၊ ရေနှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး (WASH) နှင့် စားနပ်ရိက္ခာအကူအညီများ လိုအပ်နေသည်။
- စစ်တွေနှင့် ကျောက်တော်မြို့နယ်များတွင် သောက်သုံးရေပေးဝေမှုစနစ်များ ဆိုးရွားစွာ ထိခိုက်မှုများ ဖြစ်ပေါ်နေကြောင်းလည်း သိရသည်။

ယခင်က ဝင်ရောက်ခွင့်ရရှိထားသော သို့မဟုတ် ဝင်ရောက်ခွင့်အသစ်ရရှိထားသော မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ တုံ့ပြန်မှုများတွင် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

- ကျောက်တော်မြို့နယ်ရှိ အိမ်ထောင်စု ၆၆၂ စုအား ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေခဲ့သည်။ စစ်တွေ၊ မြေပုံမြို့နယ်နှင့် မြောက်ဦးမြို့နယ်များရှိ အိမ်ထောင်စု ၁၅၂၅ စုအတွက် NFI နှင့် အမိုးအကာအကူအညီ ဖြန့်ဖြူးမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ စစ်တွေမြို့နယ်ရှိ အိမ်ထောင်စု ၁၉၅၀စု၊ ပုဏ္ဏားကျွန်းမြို့နယ်ရှိ အိမ်ထောင်စု ၆၀၂ စု၊ ကျောက်တော်မြို့နယ်ရှိ အိမ်ထောင်စု ၃၀၀၀ နှင့် မြောက်ဦးမြို့နယ်ရှိ အိမ်ထောင်စု ၁၁၆၁ စုတို့အတွက် အရေးပေါ် အမိုးအကာအကူအညီများ ပေးအပ်ရန် စီစဉ်လျက်ရှိသည်။
- မေလ ၁၉ ရက်မှ ၂၀ ရက်အထိ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များရှိ အိမ်ထောင်စု ၁၇၅၇ စု ကျော် (လူ ၄၅၉၂ ဦး) အား စားနပ်ရိက္ခာအကူအညီ ဖြန့်ဝေခဲ့သည်။
- ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များရှိ ဘေးဒဏ်သင့်ပြည်သူများအတွက် ကျန်းမာရေး၊ အာဟာရနှင့် စိတ်ပိုင်းဆိုင်ရာ ကနဦးအဆင့်ပြုစုခြင်းဆိုင်ရာ ဝန်ဆောင်မှုများကို တရားဝင်ခွင့်ပြုချက်ရှိသည့် မိတ်ဖက်အဖွဲ့အစည်းတစ်ခုက ပံ့ပိုးပေးခဲ့သည်။
- ရွှေ့လျားအဖွဲ့နှစ်ဖွဲ့သည် စစ်တွေမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာတွင် ဆေးကုသမှုဆိုင်ရာ ဆွေးနွေးအကြံပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။
- မိတ်ဖက်အဖွဲ့အစည်းများသည် ပုဏ္ဏားကျွန်းမြို့နယ်ရှိ ရိုးတရုတ်စခန်းနှင့် ရှင်တော်နှင့် ကြေးတော်ကျေးရွာရှိ အိမ်ထောင်စုများအား မေလ ၁၅ ရက်က စားနပ်ရိက္ခာအတွက်ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။
- မြောက်ဦးတွင်လည်းကောင်း၊ မောင်တောနှင့် ဘူးသီးတောင်ရှိ အချို့ဒေသများတွင် လည်းကောင်း ရွှေ့လျားဆေးပေးခန်းများ မပျက်မစီးရှိနေပြီး ပုံမှန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။
- ပေါက်တောမြို့နယ်တွင် ကွန်ရက်နှင့် ပိုက်လိုင်းပြန်လည်ထူထောင်ရေးများ ပြီးစီးပြီးနောက် မကြာမီတွင် ရေကြောင်းပို့ဆောင်ရေး (water boating) ပြန်လည်စတင်နိုင်မည်ဟု မျှော်လင့်ရသည်။

## အနောက်မြောက်

- တိုက်ပွဲများဆက်လက်ဖြစ်ပွားနေပြီး အတားအဆီးများရှိနေသော်လည်း လူသားချင်းစာနာမှုဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ပျက်စီးမှု၏အတိုင်းအတာကိုပိုမိုနားလည်သဘောပေါက်ရန်နှင့် ပေါ်ပေါက်လာသောလိုအပ်ချက်များကို တတ်နိုင်သမျှတုံ့ပြန်ဖြည့်ဆည်းပေးရန်အတွက် သတင်းအချက်အလက်များ ဆက်လက်စုဆောင်းလျက်ရှိသည်။
- စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ အိမ်ခြေ ၇၁ လုံးနှင့် စာသင်ကျောင်း ၁ လုံး ပျက်စီးခဲ့ပြီး ကလေးမြို့နယ်ရှိ နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူတို့ နေထိုင်ရာ စခန်း ၄ ခုမှ မှီခိုရာနေရာ ၄၄ ခု တို့ ပြင်းထန်စွာ ပျက်စီးခဲ့သည်။ နောက်ဆက်တွဲအနေဖြင့် IDP ၅၀ အပါအဝင် အိမ်ထောင်စု ၂၆၀ (လူ ၇၀၀ ဦး) သည် အရေးပေါ် အမိုးအကာပစ္စည်းများ အရေးတကြီး လိုအပ်နေသည်။ ဘေးဒဏ်သင့် မိသားစုအချို့သည် တမူးမြို့နယ်ရှိ အနီးအနားကျေးရွာများတွင် ခေတ္တခိုလှုံနေကြရသည်။
- စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် ချင်းပြည်နယ် တီးတိန်မြို့နယ်ရှိ ကလေး ၁၅၀ ခန့်သည် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရပြီး အကူအညီများ လိုအပ်နေကြောင်း မိတ်ဖက်အဖွဲ့အစည်းများမှ တင်ပြခဲ့သည်။
- ချင်းပြည်နယ်၊ တီးတိန်မြို့နယ်ရှိ နေအိမ်အများအပြား မြေပြိုမှုကြောင့် ပျက်စီးခဲ့သည်။
- မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ် ၁၀ ခုမှ ကျေးရွာပေါင်း ၁၅၀ တွင် ပညာရေးဆိုင်ရာပစ္စည်းများနှင့် ကျန်းမာရေး အဆောက်အအုံများ ပျက်စီးကြောင်းနှင့် ရေမှတစ်ဆင့် ကူးစက်ဖြစ်ပွားသောရောဂါများ အထူးသဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါ တိုးလာကြောင်း ဒေသခံမိတ်ဖက်အဖွဲ့အစည်းများမှ တင်ပြထားသည်။ အဆိုပါဒေသများတွင် ရေလွှမ်းမိုးမှုခံရသည့် နေအိမ်များသို့ အဆိပ်ရှိသော မြွေများဝင်ရောက်မှုကြောင့် ကလေးသူငယ်များ မြွေကိုက်ခံရနိုင်ခြေ မြင့်မားလျက်ရှိပြီး မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မြွေအရေအတွက်နှင့် မြွေကိုက်ခံရမှု အရေအတွက် မြင့်မားနေကြောင်း တွေ့ရှိရသည်။
- အဖျက်စွမ်းအားကြီးမားသည့် ဆိုင်ကလုံးမုန်တိုင်းနှင့် ၎င်း၏နောက်ဆက်တွဲ အခြေအနေများကြောင့် မကွေးတိုင်းဒေသကြီးတွင် ကလေးသူငယ်များ စိတ်ဒဏ်ရာရရှိမှု ကျယ်ပြန့်စွာဖြစ်ပွားလျက်ရှိသည်။ စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ အရေးပေါ် လိုအပ်နေပြီး အထူးသဖြင့် စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၌ လိုအပ်နေသည်။
- စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် မြေပြိုမှုနှင့် ရေကြီးမှုဖြစ်ပွားပြီးနောက် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲတတ်သောပစ္စည်းများသည် ဒေသခံပြည်သူများအတွက် သိသာသော အန္တရာယ်တစ်ရပ် ဖြစ်လာနေသည်။
- ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျေးရွာအချို့တွင် စိတ်ကျန်းမာရေး ပံ့ပိုးပေးခြင်းဖြင့် ကလေးသူငယ်များအား အကာအကွယ်ပေးရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေသည်။ စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် မိသားစုများနှင့် အဆက်အသွယ်ပြတ်သွားသော ကလေးသူငယ်နှစ်ဦးကို မိတ်ဖက်အဖွဲ့အစည်းများမှ ပြန်လည်ပေါင်းစည်းပေးခဲ့သည်။
- ဘေးဒဏ်သင့်ပြည်သူများ၏ လတ်တလောလိုအပ်ချက်များတွင် စားနပ်ရိက္ခာ၊ အမိုးအကာ၊ အဝတ်အထည်၊ မရှိမဖြစ်အိမ်သုံးပစ္စည်းများ၊ ရေ၊ သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများ ပါဝင်သည်။

တုန့်ပြန်ဆောင်ရွက်မှုများအနေဖြင့် -

နိုင်ငံတကာနှင့် ပြည်တွင်းမိတ်ဖက်အဖွဲ့အစည်းများသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများ နေထိုင်ရာ နေရာများတွင် အရေးပေါ်အမိုးအကာ အသုံးအဆောင်များ ပံ့ပိုးပေးခြင်းနှင့် COVID-19 အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ဆေးဝါးများကိုလည်း ဘေးဒဏ်သင့်ပြည်သူများထံ ပေးအပ်ခဲ့သည်။
ပြည်တွင်းမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဘေးဒဏ်ခံပြည်သူ များအတွက် စိတ္တလူမှုပိုင်းဆိုင်ရာပံ့ပိုးမှု၊ ရေနှင့် သန့်ရှင်းရေးဆိုင်ရာ အကူအညီနှင့် စားနပ်ရိက္ခာအတွက် ထောက်ပံ့ငွေပံ့ပိုးပေးရန်စီစဉ်လျက်ရှိသည်။ ရွှေ့လျားဆေးခန်းများမှတစ်ဆင့် အာဟာရနှင့် ကျန်းမာရေး စောင့်ရှောက်မှု ဝန်ဆောင်မှုများ ပေးနိုင်ရန် စီစဉ်လျက်ရှိသည်။



*ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ပျက်စီးသွားသည့် အိမ်ခေါင်မိုး။ ဓာတ်ပုံ- မိတ်ဖက်အဖွဲ့အစည်း*

## ပေါင်းစပ်ညှိနှိုင်းရေး

အချို့သောဒေသများ၊ အထူးသဖြင့် ရခိုင်ပြည်နယ်သို့  အရေးကြီးသော အသက်ကယ်အကူအညီများ ရောက်ရှိနေချိန်တွင် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံရခဲ့ရသည့် အခြားပြည်သူများထံ ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေပေးခြင်းဖြင့် အကူအညီကို လျင်မြန်စွာ တိုးချဲ့နိုင်ရန် အာရုံစိုက် လုပ်ဆောင်နေပါသည်။ နေပြည်တော်တွင် ဆွေးနွေးခဲ့သည့်အချက်များအပေါ် အခြေခံ၍ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ ဘေးဒဏ်သင့် အသိုင်းအဝိုင်းအားလုံးအတွက် ပေးအပ်ရန် အသင့်ရှိသော ပံ့ပိုးကူညီမှုများကို အသေးစိတ် ဖော်ပြထားသည့် နှစ်ပတ်ကြာ ဖြန့်ဖြူးရေး အစီအစဉ်ကို အတည်ပြုချက်ရယူရန်အတွက် လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများက မကြာမီ မျှဝေပေးသွားမည်ဖြစ်ပါသည်။

တစ်ပြိုင်နက်တည်းတွင် လက်ငင်းပြဿနာများနှင့် လိုအပ်ချက်များကို ဖြေရှင်းရန်အတွက် အဆင့်အသီးသီးတွင် ညှိနှိုင်းအစည်းအဝေးများ ကျင်းပလျက်ရှိသည်။ ဤအစည်းအဝေးများသည် ဘေးဒဏ်သင့်ဒေသများမှ ကွင်းဆင်းလေ့လာတွေ့ရှိချက်များကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် တုံ့ပြန်မှုအစီအစဉ်အတွက် သတင်းအချက်အလက်ပေးခြင်းတို့တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။

အထူးသဖြင့် ရခိုင်၊ ချင်း၊ စစ်ကိုင်း၊ မကွေးနှင့် ကချင်ရှိ အပြင်းထန်ဆုံးသက်ရောက်မှု ခံခဲ့ရသည့် အသိုင်းအဝိုင်းများထံ အကူအညီ ပေးနိုင်ရန်အတွက် လိုအပ်သည့် အရင်းအမြစ်များ စုစည်းရေး ကြိုးပမ်းဆောင်ရွက်နေပါသည်။ လက်ငင်းနှင့် ရေရှည်လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သော ရန်ပုံငွေ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ပံ့ပိုးမှုစနစ်များ ရရှိလာစေရန် အဓိကထား ဆောင်ရွက်နေကြပါသည်။ ဆက်လက်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် အဆိုပါ ရင်းမြစ်များကို ပိုမိုကောင်းမွန်စွာ ရယူသုံးစွဲနိုင်စေရေးကိုလည်း အလေးအနက်ထားလျှက် ရှိပါသည်။ ရန်ပုံငွေအတွက် Flash Appeal ကို ပြင်ဆင်နေပြီး လာမည့်ရက်များတွင် ထုတ်ဝေသွားပါမည်။

***သတင်းအချက်အလက်များကို လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဒေသတွင်း ရင်းမြစ်များအပေါ် အခြေခံထားပါသည်။***

သတင်းအချက်အလက် ထပ်မံရယူလိုပါက အောက်ပါတို့ကို ဆက်သွယ်ပါ။
**Danielle Parry,** Officer in Charge, parryd@un.org, +95 9797002713 (Phone/Signal)
**Suhad Sakalla,** Humanitarian Affairs Officer, sakalla@un.org, +95 9797007815, +972 054433 4202 (Signal/WhatsApp)
**Lesly Lotha**, Communication Specialist, lesly.lotha@un.org,  +959 796139223 (Phone/Signal)
သတင်းအချက်အလက် ထပ်မံရယူလိုပါက အောက်ပါတို့သို့ ဝင်ရောက်ကြည့်ရှုပါ။
*www.unocha.org* | https://reliefweb.int/country/mmr | https://www.facebook.com/OCHAMyanmar